# Highlights from DVB Debate's Preserving Environment Show

## May 6, 2017

## "How to protect the environment?"

"၁၉၉၂ ကနေ ၉၇ ပိုင်းတွေမှာ မိုးရာသီတွေဆို ရေကြီးရေလျှံမှုတွေကစလို့ မိုးကုတ်မှာ သဘာဝ ပတ်ဝန်းကျင် ပျက်စီးမှုတွေ စလာတယ်။ အိမ်တွေ ရေမြုပ်တယ်. ၂ ထပ်တိုက်အိမ်တွေက ပြန်တောင် မမြှင့်နိုင်လို့ တထပ်တိုက်အိမ်တွေပဲ ကျန်ခဲ့တာတွေ အများကြီး"

ဦးရဲမြင့်အောင် - အတွင်းရေးမှူး၊ စိမ်းလန်းမိုးကုတ်

---

"လုပ်ငန်းရှင်တွေနဲ့ ဝန်ကြီးဌာနတွေက မတရားတာတွေမှာ ပူးပေါင်းနေကြတယ်. တရားတာတွေလုပ်ဖို့မှာ မပူးပေါင်းကြဘူး"

ဦးစိန်မြင့် - ကျောက်မျက်ဥပဒေအကြံပြုကော်မတီ၊ မိုးကုတ်မြို့နယ်

---

"တပိုင်တနိုင်တူးဖော်ခွင့်ဆိုတာမှာ တကယ်ပဲ အခြေခံလူတန်းစားတွေ အကျိုးခံစားခွင့်ရနေလား? တနိုင်တပိုင်ဆိုပြီးတော့မှ ဘက်ဟိုးတွေနဲ့ တူးနေကြတာရှိတယ်"

ဦးထက်နိုင် - စာရေးဆရာ(မိုးကုတ်)

---

"ကျောက်တွင်း. ကျောက်မျက်တူးဖော်ဖို့ဆိုတာ လယ်ယာမြေပုံစံ ၇ ရမှ တူးလို့ရမှာ။ ပြည်သူတွေက ဥပဒေအရလည်း အကာအကွယ်မဲ့နေတယ်၊ ဒေသဆိုင်ရာအားဖြင့်လည်းအကာအကွယ် မဲ့နေတာပေါ့နော်"

ဦးစိန်မြင့် - ကျောက်မျက်ဥပဒေအကြံပြုကော်မတီ၊ မိုးကုတ်မြို့နယ်

---

"မိုးကုတ်အင်းက သဘာဝအတိုင်း အရမ်းလှခဲ့တယ် အခုတော့ အင်းဟာ ရေဝင်ရေထွက်မရှိဘူး။ ရေဆိုးမြောင်းဖြစ်သွားပြီ ရေသေဖြစ်သွားပြီ"

ဒေါက်တာ သန့်ဇာနည်ဇေယျ - မိုးကုတ်ပရိသတ်

---

"တိုင်းပြည်တွေမှာက အပိုင်းအခြားသတ်မှတ်ချက် ရှိတယ်။ သဘာဝပတ်ဝန်းကျင်မှာက အပိုင်းအခြားမရှိဘူး။ တနေရာရာမှာ တခုခုဖြစ်ရင် အဲဒီ အကျိုးဆက်ကို အားလုံးဆက်စပ် ခံစားရတယ်"

ဦးစိုးငြေး - ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း